ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

# အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များ ဖိတ်ခေါ်ခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အောက်ဖော်ပြပါ ဌာနခွဲများအလိုက် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ Public Private Partnership (PPP) စနစ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ကုန်ပို့ဆောင်ရေးဌာနခွဲ ( ရန်ကုန်တိုင်းဒေသကြီး)

( ခ ) ရခိုင်ဌာနခွဲ(စစ်တွေ၊ ရခိုင်ပြည်နယ်)

( ဂ ) ချင်းတွင်းဌာနခွဲ (မုံရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး)

(ဃ) ဧရာဝတီဌာနခွဲ (မန္တလေး၊ မန္တလေးတိုင်းဒေသကြီး)

( င ) မြစ်ဝကျွန်းပေါ်ဌာနခွဲ( ရန်ကုန်၊ ရန်ကုန်တိုင်းဒေသကြီး)

( စ ) သံလွင်ဌာနခွဲ (မော်လမြိုင် ၊ မွန်ပြည်နယ်)

၂။ အထက်ဖော်ပြပါ ဌာနခွဲအသီးသီးရှိ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များသည် ဌာနခွဲတစ်ခုချင်းလိုက်ဖြစ်စေ၊ ဌာနခွဲအားလုံး၏ လုပ်ငန်းများကို ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ Expression of Interest (EOI) အဆိုပြု လွှာများကို ပေးပို့တင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပြုလွှာ ပုံစံများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)တွင် ၂၀၁၈ ခုနှစ်၊ ဧပြီလ(၂၃)ရက်နေ့မှ ၂၀၁၈ခုနှစ်၊ မေလ(၂၂)ရက်နေ့အထိ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး၊ သိရှိလိုသော အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဒု-အထွေထွေမန်နေဂျာ(စီမံ)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)

အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်းအမှတ်၊ ၀၁-၃၈၀၇၅၇ ၊ ဖက်စ်(စ)ဖုန်းအမှတ်၊ ၀၁-၃၈၀၇၅၂

၄။ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသူများသည် (EOI) အဆိုပြုလွှာများကို ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြ၍ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)ထံ လိပ်မူ၍ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပြန်လည် တင်သွင်းရန် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန